
# NEWSLETTER

## Myanmar Garments Manufacturers Association

**February 2022, Issue**




လစဥ်ပုံမှန် ပြုလုပ်လျက်ရှိသော MGMA ၏ အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်က အွန်လိုင်းမှတဆင့်ကျင်းပပြုလုပ်ခဲ့သည်။

၂

MGMA အလုပ်အမှုဆောင် အစည်းအဝေး

၃

ဝင်ငွေစီမံခန့်ခွဲမှု သင်တန်း

၄

Voluntary Labor Compliance Assessment စစ်ဆေးခြင်း



အထည်ချုပ်လုပ်သားများအတွက် ဝင်ငွေစီမံခန့်ခွဲမှု သင်တန်း ( ၂ ရက်တာသင်တန်း) ကို UNICEF Myanmar ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် နှင့် ၁၃ ရက်များတွင် MGHRDC ၌ ကျင်းပပြုလုပ်ခဲ့သည်။



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင် များအသင်း ၏ Voluntary Labor Compliance Assessment အစီအစဥ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းတွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ် စစ်ဆေးခဲ့သည်။

# မာတိကာ

## Activity

MGMA အလုပ်အမှုဆောင်အစည်းအဝေး ………………………………………………………………….... ၂
ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း …………………………………………………………………..................... ၃
Voluntary Labor Compliance Assessment စစ်ဆေးခြင်း ……………………………………………….. ၄

## News

UK လက်လီလုပ်ငန်း Tesco မြန်မာနိုင်ငံမှ ထွက်ခွာမည်......................................................................... ၆
PSEA Training သို့ MGMA မှဝန်ထမ်းများတက်ရောက် ……………………………………………………. ၇
COVID-19 အကြောင်းသိကောင်းစရာ ပိုစတာများ ............................................................................…. ၈

## Upcoming Event

| No. | Descriptions | Date & Time | Venue |
|---|---|---|---|
| 1. | Merchandiser Training | March 17, 18 and 19 | MGHRDC |
| 2. | Industrial Relation Training in Factories (Interactive Workshop) | March 13 and 20 | MGHRDC |
| 3. | Factory Assessment of UNICEF (Health and Nutrition) in Yangon ad Nay Pyi Taw | TBC | Yangon and Nay Pyi Daw |
| 4. | HR Management in Practical Apply to Apparel Industry | March 21, 22 and 23 | MGHRDC |
| 5. | Model Factory Process of Upgrading Living Conditions | TBC | Kyarr Lay Apparel Co.,Ltd |


## Membership Update

New Members in February 2022 ……………………………………………………………………. ၉
Membership update as of February 2022 …...……………………………………………….. ၁၀

# Activity

## MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန် ပြုလုပ်လျက်ရှိသော MGMA ၏ အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်က အွန်လိုင်းမှတဆင့်ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ MGMA မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် MGMA ၏ မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသော အသင်းအဖွဲ့ဝင်များသည် အသင်း၏ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် လက်ရှိလုပ်ဆောင်နေသော အွန်လိုင်းစနစ်အား အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



# ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း



Group Work

အထည်ချုပ်လုပ်သားများအတွက် ဝင်ငွေစီမံခန့်ခွဲမှုသင်တန်း ( ၂ ရက် တာ သင်တန်း) ကို UNICEF Myanmar ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် နှင့် ၁၃ ရက်များတွင် MGHRDC ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ အသင်းဝင်စက်ရုံများတွင် လုပ်ကိုင်နေကြသော အထည်ချုပ်လုပ်သားများ ၎င်းတို့၏လစာ ဝင်ငွေကို ကြွေးမြီးကင်းအောင် စနစ်တကျစီမံခန့်ခွဲနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။


သင်တန်းတွင် သင်တန်းနည်းပြ ဒေါ်အင်ကြင်း မှ ဝင်ငွေများတိုးတက်စေခြင်း၊ ကုန်ကျစရိတ်ချွေတာနိုင်ရန်အတွက် နည်းလမ်းများ၊ ငွေစုဆောင်းခြင်း၏အရေးကြီးပုံ၊ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက် များရွေးချယ်စားသောက်နည်း နှင့် စနစ်တကျငွေစုဆောင်းခြင်းများကို သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံများမှ သင်တန်းသားဦးရေ ၃၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှတဆင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများထံသို့ သင်တန်းမှရရှိသော အသိပညာများကို လက်ဆင့်ကမ်းပေးနိုင်ရန် ရည်ရွယ်ပို့ချသော သင်တန်းဖြစ်သည်။ MGMA ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန် မှ သင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်အမှာစကားကို ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပေးခဲ့သည်။ ထို့နောက် သင်တန်းသားများအား Path Myanmar ဖြင့်ပူးပေါင်းကာ အားဖြည့်ဆန်များထောက်ပံ့ပေးခဲ့ပြီး သင်တန်းကို အောင်မြင်စွာပြီးဆုံးခဲ့သည်။



*Managing Director of MGMA Daw Aye Mi Shein giving closing remarks*



*Participants Group Photo*



*Awarding Certificate*



*Providing fortified rice*



*Group Activities*

## Voluntary Labor Compliance Assessment စစ်ဆေးခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labor Compliance Assessment အစီအစဥ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ အတွင်းတွင် အသင်းဝင်စက်ရုံ ၃ ရုံကို သွားရောက် အကဲဖြတ် စစ်ဆေးခဲ့သည်။


စစ်ဆေးခဲ့သော စက်ရုံ ၃ ရုံမှာ Honey Garment Industry Ltd , Gold Yacht Co.,Ltd , Ceres Enterprise Ltd တို့ဖြစ်သည်။ ဖေဖော်ဝါရီလ ၈ ရက်တွင် Gold Yacht Co.,Ltd သို့လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် Honey Garment Industry Ltd သို့လည်း ကောင်း၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် Ceres Enterprise Ltd သို့လည်းကောင်းသွား ရောက် စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံများသို့ VLCA အရ Pay Roll စနစ်များ၊ မြန်မာအလုပ်သမားဥပဒေများနှင့် ကိုက်ညီမှုရှိမရှိ၊ စက်ရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ Factory Site များတွင် OSH များရှိမရှိ နှင့် Brief Report များကို အကဲဖြတ် စစ်ဆေးခဲ့သည်။

Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမား ဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲ ဖြတ်စစ်ဆေးခြင်းအစီအစဥ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တရားဝင် ကြေညာခဲ့သည် ။



*Ceres Enterprise Ltd*



*Ceres Enterprise Ltd*



*Gold Yacht Co.,Ltd*



*Gold Yacht Co.,Ltd*



*Honey Garment Industry Ltd*



*Honey Garment Industry Ltd*

# ယူကေလက်လီလုပ်ငန်း Tesco မြန်မာနိုင်ငံမှထွက်ခွာမည်




ဗြိတိန်၏အကြီးဆုံးစူပါမားကတ်များထဲမှ တစ်ခုဖြစ်သည့် Tesco သည် အလုပ်သမားအခွင့်အရေးများ နက်နက်ရှိုင်းရှိုင်း ချိုးဖောက်ခံရခြင်းကြောင့် တာဝန်ယူမှုရှိစွာဖြင့် မြန်မာနိုင်ငံမှထွက်ခွာမည် ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက Sourcing Journal ကို ပြောကြားခဲ့ပါတယ်။

TESCO အမှတ်တံဆိပ် သားရေအနွေးထည်များ ချုပ်လုပ်နေသည့် တရုတ်ပိုင် Gtig Easter အထည်ချုပ်စက်ရုံက ၂၀၂၁ မတ်လတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်ပြီးနောက် ၇ လအကြာ စက်ရုံပိတ်သိမ်းခဲ့ရသည့်အပေါ် အလုပ်သမားထောင်ပေါင်းများစွာကို လျော်ကြေးပေးရန် ငြင်းဆန်ခဲ့သည်။

Gtig Easter သည် Tesco ၏ F&F အမှတ်တံဆိပ် သားရေအနွေးထည်များ ထုတ်လုပ်သည့်အပြင် စက်ရုံမှ အထည်အလိပ်များကို ထုတ်လုပ်သည့် အခြားအမှတ်တံဆိပ်တွေအဖြစ် C&A ၊ OVS နဲ့ Zara တို့လည်းပါဝင်သည်။ ယခုကိစ္စနှင့်စပ်လျဉ်းပြီး မိခင်ကုမ္ပဏီ Jiangsu Gtig Easter သို့ မှတ်ချက်ပေးရန် တောင်းဆိုမှုခဲ့မှုအပေါ် ကုမ္ပဏီဘက်မှ တုံ့ပြန်ခဲ့ခြင်း မရှိကြောင်း သိရသည်။

Tesco အနေဖြင့် Gtig Easter နှင့် ၎င်း၏ နောက်ဆုံးအမှာများကို အပြီးသတ်ကာ ကမ္ဘာလုံးဆိုင်ရာသမဂ္ဂများရဲ့ အကြံပြုချက်နှင့်တူ မြန်မာနိုင်ငံက နှုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောကြားခဲ့သည်။


Ref: Sourcing Journal


# PSEA Training သို့ MGMA မှ ဝန်ထမ်းများတက်ရောက်

Action Aid Myanmar မှ ကြီးမှူးကျင်းပသည့် Prevention on Sexual Exploitation and Abuse (PSEA) Training သို့ MGMA မှဝန်ထမ်းများတက်ရောက်ခဲ့သည်။

Prevention on Sexual Exploitation and Abuse (PSEA) Training ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် နှင့် ၂၄ ရက်များတွင် Melia Hotel ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် Action Aid Myanmar (SECURE Project) ၏ Consortium Manager ဦးဖြိုးဇော်အောင် မှ Understanding PSEA and six cores principles, Risk assessment tool and minimum requirement, Monitoring and Compliance , UNOPS PSEA Mechanism, Monitoring Risks factor and warning signs များကိုသင်ကြားခဲ့သည်။









# ကိုဗစ် - ၁၉ အကြောင်းသိကောင်းစရာ ပိုစတာများ






## Upcoming Event

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | Merchandiser Training | March 17, 18 and 19 | MGHRDC |
| 2. | Industrial Relation Training in Factories (Interactive Workshop) | March 13 and 20 | MGHRDC |
| 3. | Factory Assessment of UNICEF (Health and Nutrition) in Yangon ad Nay Pyi Taw | TBC | Yangon and Nay Pyi Daw |
| 4. | HR Management in Practical Apply to Apparel Industry | March 21, 22 and 23 | MGHRDC |
| 5. | Model Factory Process of Upgrading Living Conditions | TBC | Kyarr Lay Apparel Co.,Ltd |

## Membership Update

### New Members in February 2022

| Country | No. of New Member Factories |
|---|---|
| China | 2 |
| Korea | 1 |
| **Total** | **3** |

## Membership Update as of February 2022

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 67 |
| | China | 264 |
| | Korea | 56 |
| | Japan | 17 |
| | Others | 22 |
| | Joint Venture | 26 |
| | Local, Sub-Con, Marketing, Inspection, Textile | 41 |
| **Total (Active)** | | **496** |
| **Grand Total** | | **755** |